စစ်ကိုင်းတိုင်းဒေသကြီး၊မော်လိုက်ခရိုင်

ဖောင်းပြင်မြို့နယ်

ဟဲလှော်ကျေးရွာအုပ်စု၊ ဟဲလှော်ကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစီးပေးဆောင်ရွက်ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ဟဲလှော်ကျေးရွာ

(၂၀၂၂၊ စက်တင်ဘာလ)

မာတိကာ

၁။စကားချီ

၂။နိဒါန်း

၃။ရည်ရွယ်ချက်

၄။ တည်နေရာနှင့် ပထဝီအနေအထား

၅။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၆။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၇။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) ဖွံ့ဖြိုးရေးဗျူဟာ ဇယားနောက်ဆက်တွဲ

(၂) ကျေးရွာရာသီခွင်ပြ ပြက္ခဒိန်၊လူထုအခြေပြုဇယား၊ကျေးရွာအခြေပြမြေပုံ၊

(၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီစာရင်း

၁။စကားချီ

ဟဲလော်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည်(၂၀၂၂-၂၀၂၃)ခုဘဏ္ဍာရေးနှစ်မှ (၂၀၂၆-၂၀၁၇)ခုဘဏ္ဍာရေးနှစ်အထိ(၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့်ဟဲလော်ကျေးရွာ၏ ပထမဦးဆုံးသောကျေးရွာသူ/သားများ ပူးပေါင်း၍ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော ဖောင်းပြင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အခြား ဌာနဆိုင်ရာအဖွဲ့စည်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များအား အထူးပင်ကျေးဇူး တင်ရှိပါသည်။ ကျေးရွာနှင့်သက်ဆိုင်သည့်ဒေသန္တရအရေးကြီးအချက်များ အကြံဉာဏ်များကို တက်ကြွစွာ ကူညီပံ့ပိုးပေးကြသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း အထူးပင်ကျေးဇူး တင်ရှိပါသည်။ကျွန်ုပ် တို့ကျေးရွာသည်လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများကို အသုံးပြု၍ အစီအစဉ် ရေးဆွဲကာကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သင်သန်းပို့ချသင်ကြားပေးခဲ့သောနည်းစနစ်တိုင်းလိုက်နာဆောင်ရွက်ခဲ့ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းသတင်းအချက်လက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက လိုအပ်သော အချက်လက်များနှင့်နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်ဌာန ဆိုင် ရာများ၏ အကူအညီရယူရန်လို အပ်ကြောင်းကိုလည်း ကောင်းစွာသိရှိရပါသည်။ဤအစီစဉ်တွင်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးနှင့်ဦးစားပေး ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား အဓိကဖော်ပြထားပြီး စီမံ ကိန်းဆိုင်ရာ အချက်လက်အကြောင်းအရာများ အဆိုပြု စီမံကိန်းလုပ်ငန်းများ၏အသေးစိတ်အချက်လက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ

ဟဲလော်ကျေးရွာ

ရက်စွဲ ၊ ၂၀၂၂ခုနှစ် ၊ စက်တင်ဘာ လ

၂။နိဒါန်း

ဟဲလော်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော အတွေ့အကြုံများကို လေ့လာပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့် အစီစဉ်ဖြစ်ကြောင်းသိရှိရပါသည်။ အစီစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေနေများ၊ကြုံတွေ့ရသောပြဿနာများ၊ ပြဿနာဖြစ်ရသည့်အကြောင်းရင်းများ၊ ဖွံ့ဖြိုးရေးကိုအထောက်အပံ့ဖြစ်သော အချက်များနှင့် အဟန့်အတားဖြစ် စေသောအချက်လက်များအပေါ်အခြေခံ၍(၅)နှစ်တာကာလအတွက် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ ရရှိရန်ကျွန်ုပ်တို့ ဟဲလော်ကျေးရွာ အနေဖြင့်ဆောင်ရွက်မည့် စီမံချက်များကိုဖော်ထုပ်၍ အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့ အစည်းများတို့ကိုချိတ် ဆက်၍ ဆောင်ရွက်ရမည်ကိုသိရှိနားလည်း စေခဲ့ပါသည်။

၃။ရည်ရွယ်ချက်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည်လူထုကိုဦးဆောင်ပါဝင်စေသည့်လုပ်ငန်းဖြစ်သောကြောင့်ကိုယ်တိုင်ပါဝင်ခွင့်ရရှိပြီးအမြင်ချင်းရှင်းလင်းမှု ရစေကာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူထုကိုယ်တိုင်ပူးပေါင်းပါဝင်ရ၍ စည်းလုံးညီညွတ်စွာလုပ်ကိုင်တတ်စေခြင်းတို့ကြောင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက် ပါသည်။

၄။ တည်နေရာနှင့် ပထဝီအနေအထား

ဟဲလော်ကျေးရွာသည် မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့နယ်၊ ဟဲလော်ကျေးရွာအုပ်စုအတွင်းတွင် တည်ရှိပြီး မြေပြန့်ဒေသဖြစ်ပါသည်။ ဖောင်းပြင်မြို့ပေါ်သို့ သွားလာရာတွင် ကုန်းလမ်း/ရေလမ်းဖြင့် သွားလာနိုင်ပြီး ကုန်းလမ်းခရီးအသုံးပြုရန် ကူးတို့ကူးဖြတ်ရပါသည်။ မြို့၏တောင် ဘက်တွင်တည်ရှိ၍ ကုန်းလမ်း/ရေလမ်းဖြင့်သွားလာရာတွင်လမ်းခရီးမှာအသင့်တင့်ကောင်းမွန်ပြီး ရေမိုင်(၁၄)မိုင် နှင့်ကုန်းလမ်းမိုင်(၁၂) ကွာဝေးပါသည်။ကျေးရွာသည် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းတွင်တည်ရှိသောကျေးရွာဖြစ်သောကြောင့် မိုးရာသီတွင် ရေကြီးရေလျှံမှုများဖြစ်လေ့ရှိသဖြင့် လမ်းများပျက်စီးမှုရှိပါသည်။ကျေးရွာရှိနေအိမ် များသည် အများအားဖြင့် ခြေတိုင်ရှည်အိမ်များဖြစ်ပြီး (၂)ထပ်အိမ်များ ဖြစ်ကြပါသည်။

၅။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

မိုးရေချိန်ပျမ်းမျှ(၇၀)လက္ခရှိပြီးစိုက်ပျိုးရေးအတွက်အထောက်အကူဖြစ်သည်။ကျေးရွာသည်ဆန်၊စပါးစိုက်ပျိုးရေးလုပ်ငန်းကိုသာအဓိကလုပ်ကိုင်ကြသည်။ ဟဲလော်ကျေးရွာသည် အိမ်ခြေ (၃၂၀) ရှိပြီးလယ်ယာ/ကိုင်း/ ကျွန်းမြေ (၃၂၂၀)ဧက လုပ်ကိုင်စားသောက်ကြပါသည်။ လယ်ယာမြေများလုပ်ကိုင်ရာတွင် မိုးရေကိုသာအဓိကအားထားလုပ်ကိုင်စားသောက်ကြပါသည်။ ထို့ကြောင့်မိုးနည်းသောနှစ်များတွင် လယ်သမားများ

အခက်ခဲတွေ့ကြရပါသည်။ ကျေးရွာသည်မြေနုကျွန်းများပေါ်ထွန်းမှုကြောင့် ဆောင်းသီးနှံစိုက်ပျိုးမှုကိုလည်း တစ်ရွာလုံးနီးပါး လုပ်ကိုင်စားသောက်ကြပါသည်။စိမ့်၊စမ်းရေများ၊ချောင်းများရှိသဖြင့် လယ်ယာမြေများ လုပ်ကိုင်ရာတွင်လည်းအဆင်ပြေပါသည်။ ဂွန်၊ ဇူလိုင်၊ သြဂုတ်၊ စက်တင်ဘာလများတွင် ချင်းတွင်းမြစ်ရေ ကြီးမြင့်မှုဒဏ် ကိုခံရပါသည်။

၆။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဟဲလော်ကျေးရွာအတွင်းတွင် ရပ်မိရပ်ဖများနှင့်လူမှုရေးအဖွဲ့၊ လူမှုကူညီရေးအသင်း၊ ဂေါပကအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ အရံမီးသတ်တပ်အဖွဲ့၊ပြည်သူ့စစ်အဖွဲ့၊ ကျောင်းကော်မတီ အဖွဲ့များရှိပါသည်။ ကျေးရွာ ခေါင်းဆောင်နှင့်ဆယ်အိမ်မှူးတို့၏ ဦးဆောင်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများအားလုံးသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊အရပ်ဘက်ဆိုင်ရာကိစ္စရပ်များအား စည်းလုံးညီညွတ်စွာလုပ်ကိုင်လျှက်ရှိကြပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ဟဲလော်ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ဟဲလော်ကျေးရွာ ၏အဓိကဝင်ငွေရလုပ်ငန်းမှာ ဆောင်းသီးနှံစိုက်ပျိုးရေးလုပ်ငန်းနှင့်မိုးစပါး စိုက်ပျိုးရေး လုပ်ငန်း ဖြစ်ပါသည်။ မိုးရာသီတွင်နှစ်စဉ်မိုးစပါးစိုက်ပျိုးကြပါသည်။ လယ်ယာမြေလုပ်ငန်းမှ ဝင်ငွေရရှိမှုမှာ နည်းပါသည်။ အိမ်ခြေ(၃၂၀) ရှိသည့်အနက် စီးပွားရေးအဆင်ပြေသော အိမ်ထောင်စုမှာ (၁၅)အိမ်ရှိပါသည်။ကျေးရွာတွင် ကိုင်းကျွန်းမြေ (၁၈၂၂) ဧကနှင့်မိုးစပါးစိုက်ပျိုးမြေ(၁၃၉၈)ဧက စိုက်ပျိုးကြသည်။ နှစ်စဉ်ကျေးရွာမှ မိုးစပါးထွက်နှုန်းမှာ (၁)ကေလျှင်ပျမ်းမျှ(၆၀)တင်းခန့် ထွက်ရှိသည်။ မိုးစပါးကို ဇူလိုင်၊ သြဂုတ်လ များတွင် စတင်စိုက်ပျိုး လေ့ရှိပြီး နိုဝင်ဘာလတွင်ရိတ်သိမ်းကြသည်။ ကျေးရွာအနီးတွင် မြစ်ကျိုးအင်းရှိပြီး ငါးလုပ်ငန်းကို အချို့လုပ်ကိုင်ကြပြီး သစ်ခုတ်ခြင်း၊ဝါးခုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ကြပါသည်။ ထို့အပြင် ပန်းရံလုပ်ငန်း၊ လက်သမားလုပ်ငန်း များကိုလည်းလုပ်ကိုင်ကြပါသည်။ထို့ကြောင့် ကျေးရွာအနေဖြင့် စီးပွားဖြစ်နှင့်အသက်မွေးမှုလုပ်ငန်းများပါလုပ်ကိုင်နိုင်သဖြင့်စီးပွားရေးအခြေအနေမှာကောင်းမွန်ကြ ပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင်းရှိ အခြေခံအဆောက်အဦးများမှာ အုပ်ချုပ်ရေးမှူးရုံး၊ စာကြည့်တိုက်၊ ကျေးလက် ကျန်းမာ ရေးဌာန(ခွဲ)၊အ.ထ.က. စာသင်ကျောင်း၊ဆိုင်ကလုန်းရုပ်တာ ဆရာဆရာမနေအိမ်များ၊ သာသ နိက အဆောက် အဦ များ၊ကျေးရွာ ချင်းဆက်လမ်းများတွင်လည်း ကိုယ်ထူကိုယ်ထတံတား(၂)စင်း၊

ကျေးရွာတွင်း တံတား စသည့် အဆောက်အဦးများတည်ရှိပါသည်။ သောက်သုံးရေအတွက် ကျေးလက် ဦးစီးဌာနမှ ဆောင်ရွက်ပေး ထားသော ၂"Øx200' စက်ရေတွင်း(၁)တွင်းနှင့် ပုဂ္ဂလိကပိုင် စက်ရေတွင်း လက်ဆွဲတွင်းများ၊ မီးလင်းရေးလုပ် ငန်းများတွင်လည်း ကျေးလက်ဦးစီး ဌာနမှဆောင်ရွက်ပေးထားသော တစ်အိမ်သုံးဆိုလာများ၊ ပုဂ္ဂလိက ဆိုလာများ၊ ဒီဇယ်/ဓါတ်ဆီ သုံးမီးစက်များဖြင့်အသုံးပြုလေ့ရှိကြပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင် တောင်သူလယ်သမားများအတွက် လိုအပ်သောချေးငွေကို နွေစပါး/မိုးစပါးစိုက်ပျိုးနိုင်ရန်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတစ်ဧကလျှင် (၁၅၀၀၀၀) ကျပ်နှုန်း ဖြင့်ငွေထုတ်ချေးပါသည်။ကိုင်း(အခင်း)အတွက်တစ်ဧကလျှင် (၅၀၀၀၀) ကျပ်ဖြင့် ထုတ်ပေးလျှက်ရှိ ပါသည်။ ထိုအပြင်သမဦးစီးဌာနထုတ်ချေးပေးသော ချေးငွေများကိုလည်း ထုတ်ချေးလျှက်ရှိပါသည်။ အိမ်ထောင်စု တစ်စုလျှင် (၃၀၀၀၀၀)ကျပ် အထိထုတ်ချေးပေးပါသည်။ အခြားအသေးစား ချေးငွေ ဝန်ဆောင်မှုများလည်းရရှိနိုင်ပါသည်။ တောင်သူလယ်သမားများသာမကအခြားအသေးစား စီးပွားရေး လုပ်ငန်းများထူထောင်ရန်(ဥပမာတစ်နိုင်တစ်ပိုင်မွေးမြူရေး၊အရောင်းအဝယ်)ချေးငွေဝန်ဆောင်မှုများ လည်းလိုအပ်ပါသည်။ကျေးရွာ၏ ငွေကြေးဆိုင်ရာအခက်အခဲများပေါ်ပေါက်လာပါက ကျေးရွာပိုင်အဖွဲ့ အစည်းမှ စုဆောင်းငွေများ ကိုလည်း ထုတ်ချေးပေး လျှက် ရှိပါသည်။

(င) ပညာရေး

ဟဲလော့ကျေးရွာ၏ လက်ရှိပညာရေးအခြေအနေမှာ မိမိဒေသန္တရ အခြေအနေအရ အသင့်တင့် ကောင်း မွန်သည့်အနေအထားရှိပါသည်။ ကျေးရွာတွင်ဆောင်ရွက်နေသော လက်ရှိနှစ်ထပ် ကျောင်းဆောင် အပြီးသတ်ဆောင်ရွက်ပြီးပါက မိမိကျေးရွာအနေဖြင့်ပညာရေးအဆောက်အဦ မှာပြီးပြည့်စုံသည့်အနေထားရှိပါမည်။ ကျေးရွာ၏ အ.ထ.က အဆင့်ရှိကျောင်း မှ တက္ကသိုလ် အဆင့်ရှိလူငယ်များ အများအပြား တတ် မြောက် လာသည်ကိုလေ့လာ တွေ့ရှိရပါသည်.။ စာမတတ်သူ မရှိသလောက် နည်းပါးလှပါသည်။ ဘွဲ့ရပညာတတ် များ ထွက်ပေါ်လာခဲ့သလို ပညာရေး၊ ကျန်းမာရေး၊ အခြားဌာနများတွင်လည်း တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းအများအပြား ရှိသည် ကိုလည်းလေ့လာတွေ့ရှိရပါသည်။

(စ) ကျန်းမာရေး

ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အဆင့် ကျေးလက်ကျန်းမာရေးမှူး(၁)ဦး၊ သားဖွား ဆရာမ (၁)ဦး ရှိသဖြင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အပိုင်းအထိ အသင့်တင့်အဆင်ပြေမှု ရှိသော်လည်း ကျေးရွာလူထုတစ်ရပ်လုံးမှီခို အားထား နိုင်သည့် အဆင့်မရှိသေးသည့်အတွက်

ကျန်းမာရေးကဏ္ဍမှာ အနည်းငယ်အားနည်းချက်များရှိနေသည်ကို တွေ့ရှိရပါသည်။ ရာသီချိန်ဖျားနာမှုများနှင့် အခါအားလျော်စွာ ကူးစက်တတ်သည့် ကူးစက်ရောဂါများ ရံဖန်ရံခါ ဖြစ်ပေါ်တတ်ပါသည်။

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဟဲလော်ကျေးရွာသည် ချင်းတွင်းမြစ်ရေလျှံချိန်တွင် ကျေးရွာလမ်းနှင့် တံတားများ ပျက်စီးဆုံးရှုံးမှု ရှိပါသည်။ ချင်းတွင်းမြစ်ရေကျချိန်တွင် ကျေးရွာနှင့် မြစ်ကမ်းကြား ရေတင်ကျန်မှုကြောင့် သွားလာရခက်ခဲမှုများလည်းရှိပါသည်။မြေနုကျွန်းများတွင်လည်း ဆောင်းသီးနှံများ စိုက်ပျိုးလေ့ရှိပါသည်။ ဇွန်၊ဇူလိုင်၊သြဂုတ်၊စက်တင်ဘာလများတွင်မြစ်ရေကြီး မှုများရှိသော်လည်း မြစ်ရေတိုက်စားမှု ဒဏ်ကိုမခံရပါ။ ဆောင်းသီးနှံများမှိုရောဂါများ ကျရောက်လာပါက ၎င်းသီးနှံဖျက်ပိုးများကို သင့်လျော်ရာ ပိုးမွှား ကာကွယ်ဆေးများဖြင့် ကာကွယ်အသုံးပြုကြပါသည်။

(ဇ) ကျား – မ ရေးရာ

ကျေးရွာရှိ လူမှုရေးအသင်းမှစပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အမျိုးသားများတန်းတူ ဆောင်ရွက် လျှက်ရှိ ပြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊အမျိုးသမီးရေးရာအဖွဲ့များလည်းကျား/မ တန်းတူဆောင်ရွက်လျှက်ရှိပါ သည်။အသက်မွေးလုပ်ငန်းများ၌ ဝင်ရောက်လုပ်ကိုင်ရာတွင်လည်း အမျိုးသားများအနေဖြင့်နေ့စား (၅၀၀၀) ကျပ်ရလျှင် အမျိုးသမီးများအနေဖြင့် ကျား/မ တန်းတူ ခံစားခွင့်ရှိပါသည်။

၇။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေး အဆင့်
၁	အခြေခံအဆောက်အဦး	ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်း ခြင်း	၁
၂	အခြေခံအဆောက်အဦး	အားကစားကွင်းပြုပြင်ခြင်း	၂
၃	အခြေခံအဆောက်အဦး	ကျေးရွာတွင်းတံတားတည်ဆောက်ခြင်း	၃
၄	အခြေခံအဆောက်အဦး	ကျေးရွာတွင်း လမ်းမီးတိုင်များတည်ဆောက်ခြင်း	၄
၅	အခြေခံအဆောက်အဦး	ကျေးရွာမှကူးတို့ဆိပ်သွားလမ်းကျောက်ရောမြေခင်းခြင်း	၅

ဖွံ့ဖြိုးရေးဗျူဟာ ဇယား၊ ဟဲလော်ကျေးရွာ

စဉ်	ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်း ဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ဝိုင်ဆိုင်နေသည့် အရင်းအနှီးများ/ အခြေအနေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)
၁	လမ်း များ ပျက်စီးနေ ခြင်း	မိုးကာလတွင် ချင်းတွင်းမြစ်ရေ လျှံ မှုကြောင့်	လမ်းခင်းကျောက်များ လွယ်ကူစွာ ရရှိနိုင်ခြင်း/ ကျေးရွာလူထု၏ လုပ်အားများ ရရှိနိုင်ခြင်း	ငွေကြေးနှင့် စက်ယန္တရား မရှိခြင်း	ကျေးလက်ဦးစီးဌာနမှ အကြံဉာဏ်ရယူခြင်း၊ ရပ်မိရပ်ဖများနှင့်ကျေး ရွာသူ/သားများတိုင်ပင် ညှိနှိုင်းကာပူးပေါင်း ဆောင်ရွက်ပါမည်	ကျေးရွာတွင်းလမ်း ကျောက်ရောမြေ လမ်း ခင်းခြင်း (3000'x12'x9")
၂	အဆင့်မှီ အားကစား ကွင်းမဟုတ် ခြင်း	ချင်းတွင်းမြစ်ရေ ဝင်ရောက်ချိန် တွင်ပျက်စီး လွယ် ခြင်း	မြေနေရာရှိခြင်း/သဲကျောက် အလွယ် အကူရရှိနိုင်ခြင်း ၊ လုပ်အား ရရှိနိုင်ခြင်း။	ငွေကြေးနှင့် နည်းပညာ မရှိခြင်း	ကျေးလက်ဦးစီးဌာနနှ င့် အားကစားဦးစီးဌာန တို့မှအကြံဉာဏ်ရယူ ခြင်း၊ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ/သားများ ညှိနှိုင်းကာပူးပေါင်း ဆောင်ရွက်ပါမည်၊	အားကစားကွင်း ပြုပြင်ခြင်း


နောက်ဆက်တွဲ (၁)အဆက်

(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)
၃	တံတား ပျက်စီးနေခြင်း	မိုးကာလတွင် ချင်းတွင်းမြစ် ရေလျှံ မှုကြောင်	သစ်/သဲ/ကျောက်များ လွယ်ကူစွာ ရရှိနိုင်ခြင်း၊ ကျေးရွာလူထု၏ လုပ်အားများ ရရှိနိုင်ခြင်း	ငွေကြေးနှင့် စက်ယန္တရား မရှိခြင်း	ကျေးလက်ဦးစီးဌာနမှ အကြံဉာဏ်ရယူခြင်း၊ ရပ်မိရပ်ဖများနှင့်ကျေးရွာသူ/သားများတိုင်ပင် ညှိနှိုင်းကာပူးပေါင်း ဆောင်ရွက်ပါမည်	သစ်သားတံတား တည်ဆောက်ခြင်း
၄	ကျေးရွာတွင်း လမ်းများ အလင်း အားနည်းခြင်း	ညပိုင်းကာလ များတွင် သွားလာမှုအ ဆင်မပြေသေ ာကြောင့်	သဲ/ကျောက်/ လုပ်အား	ငွေကြေးနှင့် နည်းပညာ	ကျေးလက်ဦးစီးဌာနမှ အကြံဉာဏ်ရယူခြင်း၊ ရပ်မိရပ်ဖများနှင့်ကျေးရွာသူ/သားများတိုင်ပင် ညှိနှိုင်းကာပူးပေါင်း ဆောင်ရွက်ပါမည်	လမ်းမီး 70 W (၄၀) တိုင်တည်ဆောက် ခြင်း
၅	မြေသားလမ်း ဖြစ်ခြင်း၊ပျက်စီး လွယ်ခြင်း	မိုးကာလတွင် ချင်းတွင်းမြစ် ရေလျှံ မှုကြောင့်	လမ်းခင်းကျောက်များ လွယ်ကူစွာ ရရှိနိုင်ခြင်း/ ကျေးရွာလူထု၏ လုပ်အားများ ရရှိနိုင်ခြင်း	ငွေကြေးနှင့် စက်ယန္တရား မရှိခြင်း	ကျေးလက်ဦးစီးဌာနမှ အကြံဉာဏ်ရယူခြင်း၊ ရပ်မိရပ်ဖများနှင့်ကျေးရွာသူ/သားများတိုင်ပင် ညှိနှိုင်းကာပူးပေါင်း ဆောင်ရွက်ပါမည်	ကျေးရွာကူးတို့ဆိပ်သို့ သွားလမ်း (၁၅၀၀)ပေ ကျောက်ရောမြေလမ်း ခင်းခြင်း


နောက်ဆက်တွဲ (၂)(က)

ဟဲလော်ကျေးရွာ ရာသီခွင်ပြ ပြကွဒိန်

အဖြစ်အပျက်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တ ပေါင်း
ရာသီဥတု	နေပူ	နေပူ	မိုးနည်း	မိုးများ	မိုးများ	မိုးနည်း	အေး	အေး	ပိုအေး	ပိုအေး	နေသာ	နေသာ
အလုပ်အကိုင်	-	-	ပျိုးထောင်	စိုက်	စိုက်	နန်းကျဲ	နည်း	သိမ်း	သိမ်း	-	-	-
မိသားစုဝင်ငွေ	-	-	များ	များ	များ	နည်း	များ	များ	များ	နည်း	နည်း	နည်း
အသုံးစရိတ်	နည်း	နည်း	များ	များ	များ	နည်း	နည်း	များ	များ	နည်း	နည်း	နည်း
ချေးငွေလိုအပ်မှု	-	-	လိုအပ်	လိုအပ်	လိုအပ်	-	-	လိုအပ်	လိုအပ်	-	-	-
သောက်သုံးရေ	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း
တိရစ္ဆာန်အစာ	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း
တိရစ္ဆာန်ရောဂါ	-	-	ခွာနာရှာနာ	-	-	-	-	-	-	-	-	-
ကျန်းမာရေး	-	ဝမ်းပျက်	-	-	-	-	-	-	-	-	-	-
သီးနှံပိုးမွှားရောဂါ	-	-	-	-	-	-	မှိုပိုး	ရွက်ဖြတ်ပိုး	-	-	-	-
ပွဲတော်	သင်္ကြန်ပွဲတော်	ညောင်ရေသွန်းပွဲ	-	ဝါဆိုသင်္ကန်းကပ်ပွဲ	-	စာရေးတံ	မီးထွန်းပွဲ	တန်ဆောင်တိုင်ပွဲ	-	-	ဘုရားပွဲ	-
သဘာဝဘေး	-	-	ရေလျှံ	ရေလျှံ	ရေလျှံ	ရေလျှံ	ရေလျှံ	-	-	-	-	-


ဟဲလ်ကျောင်းရှာ လူထုအခွင့်ပွေ့အဖွဲ့
မွိန္နယျကခြေးလကျဉီးစီးဌာန
ကခြေးရှာဖွံ့ဖွိုးရေး
ရပျမိရပျဖန်ဌ
လူမှုရေးအဖွဲ့
ပွညျသူ့စဈအဖွဲ့
မွိန္နယျပညာရေဦးစီးဌာန
ကခြာပျးကကြေမတီ
အုပျခုပျုရေးအဖွဲ့
ဂဓါပကအဖွဲ့
မွိန္နယျသံဃနာယကအဖွဲ့
မွိန္နယျမီးသတျဉီးစီးဌာန
အရံမီးသတျတပျဖွဲ့
အမျိုးသမီးရေးရာအဖွဲ့
လူမှုကူညီရေးအသငျး

နောက်ဆက်တွဲ (၂)(ဂ)


မောင်းလွှင်မြို့နယ် ဟံလျှော်ကျေးရွာ အဝင်ပြေမြေပုံ
တောင်
အနောက်
အရှေ့
မြောက်
ကုန်းတောင်
ကုန်းတောင်
ကုန်းတောင

၂၀၂၂ - ၂၀၂၃ ခု ဘဏ္ဍာရေးနှစ် ဖောင်းပြင်မြို့နယ်၊ဟဲလှော်အုပ်စု၊ဟဲလှော်ကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	ရာထူး	အသက်	မှတ်ပုံတင်အမှတ်	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးအောင်သန်းလင်း	ဦးထွန်းကြွယ်	ဥက္ကဋ္ဌ	၄၈	၅/မရန(နိုင်)၁၄၉၃၃၀	၀၉၈၉၈၆၅၉၅၅၈	စာရင်းရှင်သင်တန်း
၂	ဦးစောနိုင်ဝင်း	ဦးအောင်တင်	အတွင်းရေးမှူး	၄၆	၅/ဖပန(နိုင်) ၀၄၁၇၆၄		
၃	ဦးစောလင်း	ဦးတင်အောင်	စာရင်းကိုင်	၅၄	၅/ဖပန(နိုင်) ၀၂၆၉၉၀		
၄	ဦးရွှေမောင်	ဦးမြဟန်	ဥက္ကဋ္ဌ(ဝယ်ယူရေးဆပ်ကော်မတီ)	၄၈	၅/ဖပန(နိုင်) ၀၃၉၅၈၃		
၅	ဦးပြည့်ဖြိုးကျော်	ဦးစိုးလွင်	သေ့ကိုင်(၁)	၂၆	၅/ဖပန(နိုင်) ၀၇၀၈၁၄	၀၉၄၄၀၅၈၇၁၈၅	စာရင်းရှင်သင်တန်း
၆	ဦးကျော်ဆွေဦး	ဦးလှဦး	သေ့ကိုင်(၂)	၃၃	၅/ဖပန(နိုင်) ၀၆၄၂၈၂	၀၉၄၀၂၀၇၁၁၉၂	စာရင်းရှင်
၇	ဒေါ်ဆွေဆွေမာ	ဦးတင်လှိုင်	ဘဏ္ဍာရေးမှူး	၄၆	၅/ဖပန(နိုင်) ၀၄၂၆၀၅		
၈	ဦးအောင်မျိုးဝေ	ဦးစန်းဝေ	အဖွဲ့ဝင်	၃၄	၅/ဖပန(နိုင်) ၀၇၀၆၃၅		
၉	ဒေါ်အေးမို့မို့လှိုင်	ဦးမောင်ငွေ	အဖွဲ့ဝင်	၃၃	၅/ဖပန(နိုင်) ၀၅၈၂၂၈		

စဉ်	အိမ်ခြေ	လူဦးရေ			စာရင်းရှင်အမှတ်	လုပ်ငန်းအမျိုးအစား	အတိုင်းအတာ	ကုန်ကျငွေ(ကျပ်သန်း)			လုပ်ငန်းစရက် / ပြီးစီးရက်	မှတ်ချက်
		ကျား	မ	ပေါင်း				နိုင်ငံတော်	ပြည်သူ	ပေါင်း		
၁	၃၂၀	၂၀၅၀	၂၈၉၀	၄၉၆၀	F-174	ကျောက်ရောမြေနီလမ်း	3000'x12'x9"	10.0	2.3	12.3		

ကျေးရွာခေါင်းဆောင်

အမည် ဦးသိန်းထွန်း
ဖုန်း ၀၉၄၀၉၆၆၅၄၉